# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
# မြန်မာ့စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဘဏ် ဥပဒေ
# (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၇/၉၀)

၁၃၅၂ ခုနှစ်၊ ဝါဆိုလဆန်း ၁၅ ရက်

(၁၉၉၀ ပြည့်နှစ်၊ ဇူလိုင်လ ၆ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **မြန်မာ့စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဘဏ် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဝန်ကြီးဌာန** ဆိုသည်မှာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကို ဆိုသည်၊

(ခ) **ဗဟိုဘဏ်** ဆိုသည်မှာ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ကို ဆိုသည်၊

(ဂ) **ဘဏ်** ဆိုသည်မှာ ဤဥပဒေအရ တည်ထောင်သည့် မြန်မာ့စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဘဏ်ကို ဆိုသည်၊

(ဃ) **အဖွဲ့** ဆိုသည်မှာ ဘဏ်၏ ဒါရိုက်တာအဖွဲ့ကို ဆိုသည်၊

(င) **ဥက္ကဋ္ဌ** ဆိုသည်မှာ ဒါရိုက်တာအဖွဲ့၏ ဥက္ကဋ္ဌကို ဆိုသည်၊

(စ) **အဖွဲ့ဝင်** ဆိုသည်မှာ ဒါရိုက်တာအဖွဲ့၏ အဖွဲ့ဝင်ကို ဆိုသည်၊

(ဆ) **စိုက်ပျိုးရေးလုပ်ငန်း** ဆိုသည်မှာ နိုင်ငံတော်ကဖြစ်စေ၊ သမဝါယမကဖြစ်စေ၊ ပုဂ္ဂလိကကဖြစ်စေ၊ ယင်းတို့အချင်းချင်း ဖက်စပ်၍ဖြစ်စေ လုပ်ကိုင်သော အောက်ပါလုပ်ငန်းများ ပါဝင်သည် -

(၁) လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊

(၂) ဥယျာဉ်ခြံစိုက်ပျိုးရေးလုပ်ငန်း၊

(၃) ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ပန်းမန်စိုက်ပျိုးရေးလုပ်ငန်း၊

(၄) သစ်တောစိုက်ပျိုးပြုစုထိန်းသိမ်းရေးလုပ်ငန်း၊

(၅) ဆည်မြောင်း၊ တာတမံနှင့် မြေယာပြုပြင်ရေးလုပ်ငန်း၊

(၆) အဆိုပါ လုပ်ငန်းများအတွက် လိုအပ်သော သွင်းအားစုများ၊ စက်၊ ပစ္စည်း၊ ကိရိယာများသိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းဝယ်ခြင်းလုပ်ငန်းများ၊

(၇) အဆိုပါ လုပ်ငန်းများနှင့် ဆက်စပ်သော ထုတ်လုပ်ခြင်း၊ ပြုပြင်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းဝယ်ခြင်း လုပ်ငန်းများ၊

(ဇ) **မွေးမြူရေးလုပ်ငန်း** ဆိုသည်မှာ နိုင်ငံတော်ကဖြစ်စေ၊ သမဝါယမကဖြစ်စေ၊ ပုဂ္ဂလိကကဖြစ်စေ၊ ယင်းတို့အချင်းချင်း ဖက်စပ်၍ဖြစ်စေ လုပ်ကိုင်သော အောက်ပါ လုပ်ငန်းများ ပါဝင်သည် -

(၁) တိရစ္ဆာန်မွေးမြူရေးလုပ်ငန်း၊

(၂) ရေလုပ်ငန်းနှင့် ရေချို၊ ရေငန်မွေးမြူရေးလုပ်ငန်း၊

(၃) ကြက်၊ ငှက်မွေးမြူရေးလုပ်ငန်း၊

(၄) ပျားမွေးမြူရေးလုပ်ငန်း၊

(၅) ပိုးမွေးမြူရေးလုပ်ငန်း၊

(၆) အဆိုပါ လုပ်ငန်းများအတွက် လိုအပ်သော သွင်းအားစုများ၊ စက်၊ ပစ္စည်း၊ ကိရိယာများ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းဝယ်ခြင်း လုပ်ငန်းများ၊

(ဂ) အဆိုပါ လုပ်ငန်းများနှင့် ဆက်စပ်သော ထုတ်လုပ်ခြင်း၊ ပြုပြင်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းဝယ်ခြင်း လုပ်ငန်းများ၊

(ဈ) **ကျေးလက်ဒေသလူမှုစီးပွားရေးလုပ်ငန်း** ဆိုသည်မှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အခြေခံသော စက်မှုလက်မှုလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆိုသည်၊

(ည) **သမဝါယမအသင်း** ဆိုသည်မှာ ၁၉၇၀ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ သမဝါယမအသင်းဥပဒေအရ ဖွဲ့စည်းတည်ထောင်သော သမဝါယမအသင်းကို ဆိုသည်၊

(ဋ) **ကျေးရွာဘဏ်** ဆိုသည်မှာ ဘဏ်က အသိအမှတ်ပြုသည့် ကျေးရွာဘဏ်ကို ဆိုသည်၊

(ဌ) **တောင်သူလယ်သမား** ဆိုသည်မှာ လယ်ယာမြေကို မိမိ၏ အဓိကအသက်မွေးဝမ်းကျောင်းအဖြစ်ဖြင့် မိမိကိုယ်တိုင်လုပ်ကိုင်သူ၊ မိမိကိုယ်တိုင် အစဉ်တစိုက်လုပ်ကိုင်ခဲ့သူ သို့မဟုတ် ဆိုင်ရာနှစ်တွင် လယ်ယာမြေကို မိမိအဓိက အသက်မွေးဝမ်းကျောင်းအဖြစ်ဖြင့် လုပ်ငန်းလုပ်ကိုင်ချိန်တစ်လျှောက်လုံး ကိုယ်တိုင်ကြီးကြပ်သူကို ဆိုသည်၊

ရှင်းလင်းချက်။ လယ်ယာမြေ ဆိုသည်မှာ စိုက်ပျိုးရေးအတွက် အသုံးပြုသည့် သို့မဟုတ် လက်ရှိထားသည့်မြေကို ဆိုသည်။ ထိုစကားရပ်တွင် လယ်၊ ယာ၊ ကိုင်းမြေများ၊ ကြက်ပေါင်စေး၊ ဓနိ၊ ဥယျာဉ်ခြံမြေများ၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်စိုက်ပျိုးသည့် ခြံမြေများ၊ ကျွန်း၊ မြေနုကျွန်းပေါ်များနှင့် ထိုမြေများပေါ်တွင် တည်ရှိနေသည့် အဆောက်အအုံများလည်း အကျုံးဝင်သည်။ သို့ရာတွင် မြို့နယ်အိမ်၊ ကျေးရွာနယ်နိမိတ်အတွင်းရှိ လူနေအိမ်ရာများ၊ ဘာသာရေးအဆောက်အအုံနှင့် ပရိဝုဏ်

များ၊ အများပိုင်ဆိုင်၍ စိုက်ပျိုးရေးအတွက် အသုံးမပြု
သော မြေကွက်များ မပါဝင်၊

(ဍ) **လုပ်ငန်းရှင်** ဆိုသည်မှာ ကျေးလက်ဒေသ လူမှုစီးပွားရေးလုပ်ငန်းများကို တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ လုပ်ကိုင်လိုသူများကို ဆိုသည်၊

(ဎ) **အလုပ်သမား** ဆိုသည်မှာ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း သို့မဟုတ် ကျေးလက်ဒေသ လူမှုစီးပွားရေးလုပ်ငန်းများတွင် အဓိက အသက်မွေးဝမ်းကျောင်းအဖြစ် မိမိ၏လုပ်အားအတွက် အခကြေးငွေယူ၍ လုပ်ကိုင်သူကို ဆိုသည်။

## အခန်း (၂)
## တည်ထောင်ခြင်းနှင့် ရည်မှန်းချက်

၃။ မြန်မာ့စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဘဏ်ကို ကိုယ်ပိုင်အမည်ဖြင့် စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်၊ တရားစွဲဆိုခံနိုင်ခွင့်ရှိသော တရားဝင်အဖွဲ့အစည်းအဖြစ် ဤဥပဒေဖြင့် တည်ထောင်သည်။

၄။ ဘဏ်၏ ရုံးချုပ်ကို ရန်ကုန်မြို့တွင် ထားရှိရမည်။ ဘဏ်သည် ဘဏ်ခွဲများနှင့် ကိုယ်စားလှယ်ရုံးခွဲများ ဖွင့်လှစ်နိုင်သည်။

၅။ ဘဏ်၏ အဓိကရည်မှန်းချက်မှာ နိုင်ငံတော်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများနှင့် ကျေးလက်ဒေသ လူမှုစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုကို ဘဏ်လုပ်ငန်းဆောင်ရွက်မှုများဖြင့် ထိရောက်စွာ အထောက်အကူပြုစေရန် ဖြစ်ရမည်။

၆။ ဘဏ်သည် မိမိ၏ အဓိကရည်မှန်းချက်နှင့်အညီ အောက်ပါရည်ရွယ်ချက်များကိုလည်း ကြိုးပမ်းဆောင်ရွက်ရမည် -

(က) စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် ကျေးလက်ဒေသ လူမှုစီးပွား ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သော ချေးငွေကို လွယ်ကူ ရှင်းလင်းသော နည်းလမ်းဖြင့် ထုတ်ပေးရန်၊

(ခ) ကျေးလက်ဘဏ်လုပ်ငန်းကို မြှင့်တင်ရန်၊

(ဂ) ကျေးလက်နေ ပြည်သူများအတွင်း ကိုယ်ထူကိုယ်ထစိတ်ဓာတ် ဖြစ်ပေါ်လာ စေခြင်းငှာ ချွေတာစုဆောင်းသော အလေ့အကျင့်ကို အားပေးရန်၊

(ဃ) ကျေးလက်ဒေသ လူမှုစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေခြင်းငှာ အထောက်အကူပြုရန်၊

(င) ဘဏ်ကို အားထားအသုံးပြုသည့် အလေ့အထကို ပြုစုပျိုးထောင်ရန်၊

(စ) ဘဏ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်။

## အခန်း (၃)
## မတည်ငွေရင်းနှင့် အမြတ်ခွဲဝေမှု

၇။ နိုင်ငံတော်သည် ဘဏ်၏ တစ်ဦးတည်းသော အစုရှယ်ယာပိုင်ရှင်ဖြစ်ရမည်။ ဘဏ်၏ ခွင့်ပြုမတည်ငွေရင်းသည် ကျပ်သန်းပေါင်းတစ်ထောင် ဖြစ်သည်။ ယင်းအနက် ငွေကျပ် သန်းပေါင်း ခြောက်ဆယ်ကို နိုင်ငံတော်က ထည့်ဝင်ပြီးဖြစ်ရမည်။ ကျန်ရှိသော ခွင့်ပြုမတည် ငွေရင်းကို နိုင်ငံတော်က လိုအပ်သလို ထည့်ဝင်နိုင်သည်။

၈။ ဘဏ်၏ ခွင့်ပြုမတည်ငွေရင်းနှင့် ထည့်ဝင်ပြီး မတည်ငွေရင်းတို့ကို အစိုးရ၏ ခွင့်ပြု ချက်ဖြင့် တိုးမြှင့်နိုင်သည်။ မတည်ငွေရင်းကို လျှော့ချခြင်းမပြုရ။

၉။ (က) ဘဏ်သည် နိုင်ငံတော်၏ ကနဦးထည့်ဝင်ငွေ ကျပ်သန်းပေါင်း နှစ်ဆယ်ဖြင့် သီးသန့်ရန်ပုံငွေကို တည်ထောင်ရမည်။

(ခ) နှစ်စဉ် ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့်အခါ အသားတင်အမြတ်ငွေ၏ နှစ်ဆယ့် ငါးရာခိုင်နှုန်းနှင့် ညီမျှသော ငွေပမာဏကို ကျပ် သန်းဂဏန်းအလီလီဖြင့်

ဘဏ်၏ ထည့်ဝင်ပြီး မတည်ငွေရင်း၏ ၁၀၀ ရာခိုင်နှုန်းနှင့် ညီမျှသည်အထိ သီးသန့်ရန်ပုံငွေသို့ ခွဲဝေပေးသွင်းရမည်၊

(ဂ) အစိုးရ၏ ခွင့်ပြုချက်ဖြင့် သီးသန့်ရန်ပုံငွေသို့ လွှဲပြောင်းသော ငွေပမာဏကို နှစ်စဉ် သတ်မှတ်ရာခိုင်နှုန်းထက် ကျော်လွန်၍ တိုးမြှင့်နိုင်သည် သို့မဟုတ် သီးသန့်ရန်ပုံငွေ၏ စုစုပေါင်းငွေကို ဘဏ်၏ ထည့်ဝင်ပြီး မတည်ငွေရင်း ထက် ကျော်လွန်၍ တိုးမြှင့်နိုင်သည်၊

(ဃ) ဘဏ်၏ လုပ်ငန်းဆောင်ရွက်ရာတွင် ဖြည့်စွက်ရန်လိုသည့် ငွေကို သီးသန့် ရန်ပုံငွေမှ သုံးစွဲနိုင်သည်။

၁၀။ ဘဏ်သည် ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့်အခါ ဘဏ်လုပ်ငန်းဆောင်ရွက်ရာ၌ လျာထားရန် လိုအပ်သော ရန်ပုံငွေတို့ကို လျာထားပြီး ကျန်ရှိသော အသားတင်အမြတ်လက်ကျန်ငွေကို ကျပ် သန်းဂဏန်းအလီလီဖြင့် နှစ်ကုန်ဆုံးပြီးနောက် အစိုးရသို့ ဆောလျင်စွာ ပေးသွင်းရမည်။

## အခန်း (၄)
## ဖွဲ့စည်းပုံနှင့် စီမံခန့်ခွဲခြင်း

၁၁။ ဘဏ်ကို ဒါရိုက်တာအဖွဲ့ဖြင့် စီမံခန့်ခွဲရမည်။ ထိုသို့ စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ဘဏ်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို တာဝန်ယူဆောင်ရွက်ရမည်။

၁၂။ (က) ဘဏ်၏ ဒါရိုက်တာအဖွဲ့ဝင်များကို အစိုးရက ခန့်အပ်ရမည်။ အဆိုပါ အဖွဲ့ကို နိုင်ငံသားဖြစ်သော အဖွဲ့ဝင်ကိုးဦးဖြင့် ဖွဲ့စည်းရမည်၊

(ခ) အဖွဲ့တွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်ရမည် -

(၁) အစိုးရက ခန့်အပ်သော ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်လေးဦး၊

(၂) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ရာထူးအလျောက် ခန့်အပ် သော အဖွဲ့ဝင်တစ်ဦး၊

(၃) လယ်ယာနှင့် သစ်တောဝန်ကြီးဌာနက ရာထူးအလျောက် ခန့်အပ်သော အဖွဲ့ဝင်တစ်ဦး၊

(၄) မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနက ရာထူးအလျောက် ခန့်အပ်သော အဖွဲ့ဝင်တစ်ဦး၊

(၅) သမဝါယမဝန်ကြီးဌာနက ရာထူးအလျောက် ခန့်အပ်သော အဖွဲ့ဝင်တစ်ဦး၊

(ဂ) ဥက္ကဋ္ဌ၏ သက်တမ်းသည် ၅ နှစ်ဖြစ်ရမည်။ ကျန်အဖွဲ့ဝင်များ၏ သက်တမ်းသည် ၃ နှစ်ဖြစ်ရမည်။ အဆိုပါ ပုဂ္ဂိုလ်များအား သက်တမ်းတစ်ခုထက်ပို၍ ပြန်လည်ခန့်ထားနိုင်ခွင့်ရှိသည်၊

(ဃ) ဥက္ကဋ္ဌသည် ဘဏ်၏ လုပ်ငန်းတာဝန်များကို အချိန်ပြည့်ထမ်းဆောင်ရမည့်အပြင် အခကြေးငွေရရှိသော အခြားမည်သည့်လုပ်ငန်းကိုမျှ ဆောင်ရွက်ခြင်းမပြုရ။

(င) အဖွဲ့သည် ဘဏ်၏ အရာရှိတစ်ဦးကို အဖွဲ့၏ အတွင်းရေးမှူးအဖြစ် တာဝန်ပေးအပ်ရမည်။

၁၃။ ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးသည် -

(က) ဝန်ကြီးဌာနက သတ်မှတ်ထားသည့် ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်သော်လည်းကောင်း၊

(ခ) အစိုးရထံ နုတ်ထွက်လွှာတင်၍ ခွင့်ပြုချက်ရရှိလျှင်သော်လည်းကောင်း၊

(ဂ) မိမိ၏ တာဝန်ဝတ္တရားများကို ထမ်းဆောင်နိုင်ခြင်းမရှိကြောင်း သက်ဆိုင်ရာအာဏာပိုင်၏ ဆုံးဖြတ်ခြင်းခံရလျှင်သော်လည်းကောင်း၊

(ဃ) အဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ အဖွဲ့၏အစည်းအဝေးများမှ သုံးလတစ်ဆက်တည်း ပျက်ကွက်လျှင်သော်လည်းကောင်း၊

(င) နိုင်ငံသားအဖြစ်မှ ရပ်စဲခြင်းခံရလျှင်သော်လည်းကောင်း၊ နိုင်ငံသားအဖြစ်စွန့်လွှတ်လျှင်သော်လည်းကောင်း

ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အဖြစ်မှ ရပ်စဲပြီးဖြစ်ရမည်။

၁၄။ နုတ်ထွက်သွားသော သို့မဟုတ် ရာထူးမှ ရပ်စဲခြင်းခံရသော သို့မဟုတ် သေဆုံးသွားသော အဖွဲ့ဝင်၏ ကျန်ရာထူးသက်တမ်းအတွက် သင့်လျော်သူတစ်ဦးဦးကို အစိုးရက ဖြည့်စွက်ခန့်ထားရမည်။ ယင်းသို့ ဖြည့်စွက်ခန့်ထားခြင်းကို လစ်လပ်မှုပေါ်ပေါက်သည့်နေ့မှ ၆ လ အတွင်း ပြုလုပ်ရမည်။

၁၅။ ဥက္ကဋ္ဌသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၁၆။ အဖွဲ့သည် ဘဏ်၏ လုပ်ငန်းတာဝန်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ကော်မတီများကို ဖွဲ့စည်းနိုင်သည်။ ထိုသို့ဖွဲ့စည်းရာတွင် ယင်းကော်မတီများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သင့်လျော်သလို သတ်မှတ်ပေးရမည်။

၁၇။ (က) အဖွဲ့၏ အစည်းအဝေးကို တစ်လလျှင် အနည်းဆုံး တစ်ကြိမ်ပြုလုပ်ရမည်။ သို့ရာတွင် ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်သုံးဦးတို့၏ ဆန္ဒဖြင့် မည်သည့်အချိန်မဆို အစည်းအဝေးပြုလုပ်နိုင်သည်၊

(ခ) ခန့်ထားပြီး အဖွဲ့ဝင်ဦးရေထက်ဝက် သို့မဟုတ် ထက်ဝက်ထက်ပို၍ တက်ရောက်လျှင် အစည်းအဝေးအထမြောက်သည်၊

(ဂ) ဥက္ကဋ္ဌမရှိသည့်အခါတွင် အဖွဲ့ဝင်များက တင်မြှောက်သည့် အဖွဲ့ဝင်တစ်ဦးသည် အစည်းအဝေး သဘာပတိအဖြစ် ဆောင်ရွက်ရမည်၊

(ဃ) အဖွဲ့၏ အစည်းအဝေးများတွင် ဆုံးဖြတ်ချက်များကို တက်ရောက်သော အဖွဲ့ဝင်အများစု၏ ဆန္ဒမဲဖြင့် ချမှတ်ရမည်။ မဲအရေအတွက် တူညီနေလျှင် သဘာပတိ၏ အဆုံးအဖြတ်မဲဖြင့် ဆုံးဖြတ်ချက်ချမှတ်ရမည်၊

၁၈။ အဖွဲ့သည် ဘဏ်၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် အလို့ငှာ ဝန်ထမ်းဖွဲ့စည်းပုံတစ်ရပ် ရေးဆွဲထားရှိရမည်။ ယင်းဖွဲ့စည်းပုံအတွင်း လိုအပ်သော အရာထမ်းနှင့် အမှုထမ်းများကို ခန့်ထားရမည်။ ယင်းဝန်ထမ်းများသည် ပြည်သူ့ဝန်ထမ်းများဖြစ်သည်။

၁၉။ (က) ဥက္ကဋ္ဌသည် အစိုးရက သတ်မှတ်သည့် စည်းကမ်းချက်များနှင့်အညီ လစာနှင့် စရိတ်များကို ဘဏ်မှ ရရှိစေရမည်၊

(ခ) အဖွဲ့ဝင်များသည် အဖွဲ့က အဆိုပြုပြီး အစိုးရကခွင့်ပြုသော ချီးမြှင့်ငွေများ ခံစားခွင့်ရှိသည်။ ယင်းချီးမြှင့်ငွေကို ဘဏ်မှ ကျခံစေရမည်။

## အခန်း (၅)

## ဘဏ်လုပ်ငန်းများ

၂၀။ ဘဏ်သည် အောက်ပါလုပ်ငန်းများကို လုပ်ပိုင်ခွင့်ရှိသည် -

(က) နိုင်ငံပိုင် စိုက်ပျိုးရေးအဖွဲ့အစည်းများ၊ မွေးမြူရေးအဖွဲ့အစည်းများ၊ သမဝါယမအသင်းများ၊ ပုဂ္ဂလိကများ၊ ကျေးရွာဘဏ်များ၊ တောင်သူလယ်သမားများ၊ လုပ်ငန်းများနှင့် အလုပ်သမားများအား လိုအပ်သော စည်းကမ်းချက်များကို သတ်မှတ်၍ နှစ်စဉ်နှစ်တို၊ နှစ်ရှည် ချေးငွေများ ထုတ်ပေးခြင်း၊

(ခ) ကျေးလက်ဒေသဖွံ့ဖြိုးရေးကို အခြေခံ၍ အပ်ငွေများ လက်ခံခြင်း၊ အာမခံနှင့်ဖြစ်စေ၊ အာမခံမဲ့ဖြစ်စေ ချေးငွေများထုတ်ပေးခြင်းနှင့် ကြိုတင်ထုတ်ပေးခြင်း သို့မဟုတ် အပ်ငွေထက်ပို၍ ငွေထုတ်ခွင့်ပြုခြင်း၊

(ဂ) ကျေးရွာဘဏ်များကို ဖွဲ့စည်းခြင်း၊ အသိအမှတ်ပြုခြင်းနှင့် ကြီးကြပ်ခြင်း၊ ကျေးရွာဘဏ်များ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ဃ) ငွေလွှဲလက်မှတ်များ၊ ကြေးနန်းငွေလွှဲစာများ၊ ငွေပေးအမိန့်လက်မှတ်များနှင့် အခြားငွေလွှဲစာများကို ထုတ်ပေးခြင်း၊ ဝယ်ယူခြင်း၊

(င) ဘဏ်၏ လုပ်ငန်းများကို ဆောင်ရွက်ရန် ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပမှဖြစ်စေ ငွေချေးယူခြင်း၊

(စ) ဘဏ်၏လုပ်ငန်းများကို ပိုမိုချောမွေ့စေမည့် ကိစ္စရပ်များကို ဆောင်ရွက်ခြင်း၊ ထိုလုပ်ငန်းနှင့် ဆက်စပ်နေသော သို့မဟုတ် ထိုလုပ်ငန်းကို အထောက်အကူပြုသော စီမံခန့်ခွဲမှုနှင့် ကျွမ်းကျင်မှုဆိုင်ရာ အကြံဉာဏ်များပေးခြင်းနှင့် ရယူခြင်း၊

(ဆ) ဝန်ကြီးဌာနက သဘောတူညီသော လုပ်ငန်းများကို ဆောင်ရွက်ခြင်း။

၂၁။ (က) ချေးငွေများကို အောက်ပါကာလအပိုင်းအခြားအတိုင်း ထုတ်ပေးရမည် -

(၁) နှစ်စဉ်ချေးငွေဖြစ်လျှင် တစ်နှစ်အထိ၊

(၂) နှစ်တိုချေးငွေဖြစ်လျှင် တစ်နှစ်အထက်မှ လေးနှစ်အထိ၊

(၃) နှစ်ရှည်ချေးငွေဖြစ်လျှင် လေးနှစ်အထက်မှ အနှစ်နှစ်ဆယ်အထိ၊

(ခ) ဘဏ်သည် ချေးငွေများအပေါ်တွင် ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သည့် အတိုးနှုန်းအတိုင်း ရယူရမည်၊

(ဂ) ဘဏ်က သတ်မှတ်သည့် နည်းလမ်းများအတိုင်း ချေးငွေများကို ပြန်လည်ပေးဆပ်စေရမည်။

၂၂။ ဘဏ်သည် နှစ်တို၊ နှစ်ရှည် ချေးငွေများကို အာမခံဖြင့်သာ ထုတ်ပေးရမည်။

၂၃။ ဘဏ်သည် မိမိထုတ်ပေးသော ချေးငွေအမျိုးမျိုးနှင့် စပ်လျဉ်းသည့် စည်းကမ်းချက်များကို သတ်မှတ်နိုင်သည်။

၂၄။ ဘဏ်သည် ပြန်လည်မပေးဆပ်သည့် ကြွေးမြီများကို မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ အရတောင်းခံရယူနိုင်သည်။

၂၅။ ဘဏ်သည် မိမိ၏လုပ်ငန်းကို အထောက်အကူပြုသည့် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများတွင် အစိုးရ၏ သဘောတူညီချက်ဖြင့် ပါဝင်ဆောင်ရွက်နိုင်သည်။

## အခန်း (၆)
## စာရင်းများနှင့် စာရင်းစစ်ဆေးခြင်း

၂၆။ ဘဏ်၏ ဘဏ္ဍာရေးနှစ်သည် နိုင်ငံတော်၏ ဘဏ္ဍာရေးနှစ်အတိုင်း ဖြစ်ရမည်။

၂၇။ (က) ဘဏ်၏ စာရင်းများကို စာရင်းစစ်ချုပ်က စစ်ဆေးရမည်၊

(ခ) ဘဏ်သည် နှစ်စဉ် နှစ်ကုန်ဆုံးတိုင်း နှစ်ချုပ်ငွေစာရင်းရှင်းတမ်းများကို ရေးဆွဲရမည်။ ဘဏ်သည် စာရင်းစစ်ချုပ်က မှန်ကန်ကြောင်း လက်မှတ်ရေးထိုးသည့် အရှုံးအမြတ်စာရင်းနှင့် လက်ကျန်ရှင်းတမ်းတို့နှင့်အတူ နှစ်ချုပ်

အစီရင်ခံစာကို ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရထံ နှစ်ကုန်ဆုံးပြီးနောက် ၆ လ အတွင်း တင်ပြရမည်၊

(ဂ) ပုဒ်မခွဲ (ခ) အရ တင်ပြပြီးနောက် ဘဏ်သည် နှစ်ချုပ်အစီရင်ခံစာကို အများ သိရှိစေရန် ဝန်ကြီးဌာနက သတ်မှတ်သည့် နည်းလမ်းအတိုင်း ထုတ်ပြန် ကြေညာရမည်။

## အခန်း (၇)

## အထွေထွေ

၂၈။ အခြား ဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင် ပါရှိစေကာမူ ဘဏ်၏ ကြွေးမြီများကို တောင်းခံရယူရာတွင် နိုင်ငံတော်နှင့် ဗဟိုဘဏ်သို့ပေးရန်ရှိသည့် ကြွေးမြီနှင့် အခွန်များမှတစ်ပါး အခြားကြွေးမြီနှင့် အခွန်အားလုံးထက် ဦးစားပေးရမည်။

၂၉။ ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယား အပိုဒ် ၁၄၉ သည် ဘဏ်က တရားစွဲဆိုသည့် တရားမမှုများနှင့် သက်ဆိုင်စေရမည်။

၃၀။ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပါ ပြဋ္ဌာန်းချက်များသည် ဘဏ်နှင့် မသက်ဆိုင်စေရ။

၃၁။ မှတ်ပုံတင်အက်ဥပဒေတွင် မည်သို့ပင် ပါရှိစေကာမူ ဘဏ် သို့မဟုတ် ကျေးရွာဘဏ်များက ထုတ်ပေးသော ချေးငွေများနှင့် စပ်လျဉ်း၍ ချုပ်ဆိုသည့် စာချုပ်စာတမ်းများသည် မှတ်ပုံတင်ခြင်းမှကင်းလွတ်ခွင့်ရှိသည့်အပြင် တည်ဆဲဥပဒေအရ တံဆိပ်ခေါင်းခွန်ပေးဆောင်ရခြင်းမှလည်း ကင်းလွတ်စေရမည်။

၃၂။ ဝင်ငွေအပေါ် ကောက်ခံသည့် အခွန်များနှင့် ဘဏ်လုပ်ငန်းဆောင်ရွက်မှုများအပေါ် အခွန်စည်းကြပ်မှုများမှ ဘဏ်သည် ကင်းလွတ်ခွင့်ရရှိစေရမည်။

၃၃။ ဘဏ်သည် ဘဏ်ဥပဒေ (၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၉) အရ တည်ထောင်ထားသော မြန်မာ့စိုက်ပျိုးရေးဘဏ်ပိုင် ရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့် မရွှေ့

မပြောင်းနိုင်သော ပစ္စည်းများကိုလည်းကောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်ပြီး လုပ်ငန်းများကိုလည်းကောင်း၊ ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်များကို လည်းကောင်း အသီးသီးဆက်ခံရမည်။

၃၄။ ဘဏ်ဥပဒေ (၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၉) အရ တည်ထောင်ထားသော မြန်မာ့စိုက်ပျိုးရေးဘဏ်က ပြုလုပ်ခဲ့သည့် သို့မဟုတ် ချုပ်ဆိုခဲ့သည့် သဘောတူစာချုပ်များသည် ဤဥပဒေအရ ဆက်ခံသည့် မြန်မာ့စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဘဏ်က ချုပ်ဆိုသည့် သဘောတူစာချုပ်များဖြစ်သည်ဟု မှတ်ယူရမည်။

၃၅။ ရုပ်သိမ်းလိုက်သည့် ဘဏ်ဥပဒေ (၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၉) အရ တည်ထောင်ထားသော မြန်မာ့စိုက်ပျိုးရေးဘဏ် စီမံခန့်ခွဲမှုအဖွဲ့သည် ဤဥပဒေအရ ဆက်ခံမည့် ဒါရိုက်တာအဖွဲ့အား တာဝန်ဝတ္တရားများ လွှဲအပ်ပေးသည့်နေ့အထိ လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိစေရမည်။

၃၆။ ဘဏ်သည် ကူးပြောင်းဆဲကာလအတွင်း ဤဥပဒေအရ အပ်နှင်းသော လုပ်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကို စတင်အကောင်အထည်မဖော်နိုင်သည့် ကိစ္စများနှင့်စပ်လျဉ်း၍ ဘဏ်ဥပဒေ (၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၉) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်သည်။ သို့ရာတွင် ယင်းကူးပြောင်းဆဲကာလသည် ဝန်ကြီးဌာနက သတ်မှတ်သည့်အတိုင်း ဖြစ်စေရမည်။

၃၇။ ဘဏ်နှင့် သက်ဆိုင်သော တည်ဆဲနည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များနှင့် ညွှန်ကြားချက်များသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သမျှသာ အတည်ဖြစ်စေရမည်။ ယင်းတို့ကို ဤဥပဒေအရ တည်ထောင်သော မြန်မာ့စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဘဏ်က ဆက်လက်ကျင့်သုံးနိုင်သည်။

၃၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) ဘဏ်သည် စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များနှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။